အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

Women's League of Burma

နိုင်ငံတကာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်
၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်၊

(ဖွဲ့စည်းအုပ်ချုပ်ပုံတွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက် အာမခံမှုမရှိခြင်းသည် မြန်မာနိုင်ငံမှ အမျိုးသမီးများအား အကြမ်းဖက်မှု သံသရာစက်ဝိုင်းအတွင်းသို့ ဆက်လက် တွန်းပို့နေခြင်းပင် ဖြစ်သည်)

စစ်အစိုးရ၏ စီဒေါကော်မတီသို့ တင်သွင်းသော အစီရင်ခံစာကို စီဒေါကော်မတီမှ ယခုနှစ် နိုဝင်ဘာလ (၃)ရက်က စစ်ဆေးအပြီး ထုတ်ပြန်သော နိဂုံးချုပ်အစီရင်ခံစာက မြန်မာစစ်အစိုးရ၏စစ်တပ်အနေဖြင့် အမျိုးသမီးများအပေါ် အထူးသဖြင့် တိုင်းရင်းသားအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အစီအစဉ်ချ ကျူးလွန်နေကြောင်းနှင့် အပြစ်မှကျူးလွန်ခွင့် ပေးထားကြောင်း အလေးပေးဖော်ပြထားသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအကြမ်းဖက်ခံနေရခြင်း ပြဿနာသည် အာဏာရှင်စစ်အုပ်စုမှ ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် စစ်တပ်ကို အသုံးချလျက် လူထုအပေါ် ဖိနှိပ်အနိုင်ကျင့်သော စနစ်ဆိုးကြီး အမြစ်တွယ်နေသောကြောင့် ပိုမိုဆိုးဝါးနေကြောင်း လေးနက်စွာရှုမြင်သည်။ တိုင်းရင်းသူအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ **အစီအစဉ်ချကျူး**လွန်နေခြင်းသည် နိုင်ငံရေးပြဿနာများကို စစ်အစိုးရမှ နိုင်ငံရေးနည်းအရ ဖြေရှင်းရန် ဆန္ဒမရှိခြင်း၏ အဆိုးဆုံးထိခိုက်မှုအကျိုးတရားများအနက် တခုဖြစ်သည်။ ထို့အပြင် ယနေ့လက်ရှိကာလ၌ အမျိုးသမီးနိုင်ငံရေးလှုပ်ရှားတက်ကြွသူများ၊ သီလရှင်များအပါအဝင် ငြိမ်းချမ်းစွာ ပြည်သူ့ဆန္ဒထုတ်ဖော်သူများ၊ မေတ္တာပို့ ဆုတောင်းသူများကို တရားမျှတမှုမရှိသော တရားခွင်စစ်ဆေးမှုများပြုလုပ်ကာ တရားမဲ့စီရင်ချက်များဖြင့် မတရားနှစ်ရှည် ထောင်ဒဏ်များ ချမှတ်နေခြင်းများသည် တိုင်းပြည်၏ အနာဂတ် ငြိမ်းချမ်းရေးကို အကြီးအကျယ် ပျက်ပြားစေသည်ဟု မိမိတို့ သုံးသပ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီစနစ် တည်ဆောက်ရေးအတွက် အဓိကကျသော ပထမအဆင့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ပြန်လည်လွှတ်ပေးခြင်းမရှိဘဲ၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် တိုင်းပြည်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့အပေါ် အခြေခံသည့် မူဝါဒရေးရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် ပါဝင်ပါတ်သက်မှုအတွက် မည်သို့မျှ အာမခံချက်မပေးနိုင်သော ၎င်းတို့၏ ၂၀၀၈ ဖွဲ့စည်းပုံအား အတင်းအကြပ် အတည်ပြုခဲ့ခြင်းမှာလည်း အမျိုးသမီးများအား အကြမ်းဖက်မှုသံသရာနွံအတွင်း ဆက်လက်တွန်းပို့နေခြင်းသာဖြစ်ကြောင်း မိမိတို့မှ အလေးအနက် ပြောကြားလိုသည်။ သို့ပါ၍ ၎င်းဖွဲ့စည်းပုံအပေါ် အခြေခံ၍ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအား လုံးဝကန့်ကွက်ဆန့်ကျင်ကြောင်း အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ ယနေ့တွင် ထပ်မံထုတ်ဖော်ပြောကြားလိုသည်။

မိမိတို့ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အနေဖြင့် စစ်အစိုးရအား မြန်မာနိုင်ငံတွင်း စစ်အစိုးရ၏ စစ်တပ်မှ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ရာဇဝတ်မှုများ ကျူးလွန်ခြင်းများအပေါ် ဥပေက္ခာပြုပစ်ပယ်နေမှုများကို အမြန်ဆုံး စုံစမ်းစစ်ဆေးပါရန် တောင်းဆိုအပ်ပါသည်။ ထို့အပြင် စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် တိုင်းရင်းသူအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဖြင့် စစ်ရာဇဝတ်မှုများ အစီအစဉ်ချကျူးလွန်နေခြင်းအပေါ် အဓိကတာဝန်ရှိသူ စစ်အစိုးရ၏ ခေါင်းဆောင်များအား နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးတွင် အမြန်ဆုံးအရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတကာနှင့် ပြည်တွင်းရှိ တရားမျှတမှုအပေါ် အလေးပေးရပ်တည်လျက်ရှိသော အင်အားစုများအားလုံးနှင့်အတူ လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိမိတို့မှ ထုတ်ပြန် ကြေညာအပ်ပါသည်။

အာစီယံနိုင်ငံများအားလည်း ဒေသအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်းအပေါ် အလေးထားလျက် အာစီယံ၏ စစ်အစိုးရအပေါ် အပြုသဘောဆက်ဆံရေး ကာလသက်တမ်းအတွင်း မြန်မာနိုင်ငံမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည်လည်း ဆထက်တပိုး တိုးပွားဖြစ်ပေါ်လျက်ရှိနေကြောင်း ထပ်မံသတိချပ်ကာ မြန်မာနိုင်ငံအပေါ်ထားရှိသည့် မူဝါဒများကို ပြန်လည်သုံးသပ်၍ မိမိတို့၏ တောင်းဆိုမှုများကို ထောက်ခံ ပံ့ပိုးမှုပေးရန် အလေးအနက်တိုက်တွန်းပြောဆိုလိုပါသည်။

ဆက်သွယ်ရန်

နန်းယဉ် ၀၆ ၈၉ ၈၅၈ ၄၀၆၈

လွေးအေးနန်း ၀၆ ၈၉ ၄၃၄ ၂၈၄၁